အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]

**Women's League of Burma**


## နိုင်ငံတကာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေငြာချက်

၂၀၁၀ ခုနှစ်၊ မတ်လ (၈)ရက်

ကမ္ဘာတဝှမ်းလုံးရှိ အမျိုးသမီးများသည် အမျိုးသမီးများ၏ဘဝ ဘက်စုံတိုးတက်မြင့်မားရေးနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်မှုများအားလုံး အဆုံးသတ်နိုင်ရေးတို့အတွက် မတ်လ (၈) ရက်နေ့တွင် ကျရောက်သည့် နိုင်ငံတကာအမျိုးသမီးများနေ့တွင် နှစ်စဉ် အထိမ်းအမှတ် လှုပ်ရှားမှုများကို ကျင်းပပြုလုပ်လျက်ရှိပါသည်။

မိမိတို့၏ မြန်မာနိုင်ငံတွင်မူ အထိမ်းအမှတ်လှုပ်ရှားများကို ကျင်းပပြုလုပ်ခွင့် မရရှိသည့်အပြင် စစ်အစိုးရအနေဖြင့် အမျိုးသမီးအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ မြင့်တက်အောင်ဆောင်ရွက်မည်ဟု သဘောတူလက်မှတ်ထိုးထားသော နိုင်ငံတကာဥပဒေဖြစ်သည့် စီဒေါစာချုပ်ကို ချိုးဖေါက်ကာ အကြမ်းဖက်မှုများကို နည်းမျိုးစုံဖြင့် နိုင်ငံအနှံ့တွင် ကျူးလွန်နေလျက်ရှိသည်။ အထူးသဖြင့် ပြည်တွင်းစစ်ဖြစ်ပွါးရာဒေသများတွင် ရာဇဝတ်မှုများကို လူသားမဆန်စွာ ကျူးလွန်ဖေါက်ဖျက်လျက်ရှိသည်ကို အဖွဲ့ချုပ်နှင့်တကွ အဖွဲ့ချုပ်အဖွဲ့ဝင်များအနေဖြင့် အစီရင်ခံစာများအပါအဝင် သက်သေအထောက်အထားများဖြင့် စဉ်ဆက်မပြတ် ထုတ်ဖေါ်ထောက်ပြ၍ ထိုရာဇဝတ်မှုများ ကျူးလွန်နေခြင်းများကို ရပ်တန့်ရန် တစိုက်မတ်မတ် တောင်းဆိုလျက်ရှိသည်။ သို့သော် စစ်အစိုးရသည် ယင်းတို့၏ လုပ်ရပ်များကို ရပ်တန့်ခြင်းမရှိသည့်အပြင် ပိုမို အတင့်ရဲစွာဖြင့် ယနေ့တိုင် ဆက်လက် ကျူးလွန်နေဆဲ ဖြစ်သည်။

တချိန်တည်းမှာပင် မြန်မာနိုင်ငံတဝှမ်းလုံးရှိ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများအား မြန်မာ့နိုင်ငံရေးတွင် ပါဝင်နိုင်ခြင်းမရှိအောင် ဖိအားပေးချုပ်ချယ်ထားသည့် လုပ်ရပ်များကို အစီအစဉ်ချလုပ်ဆောင်လျက်ရှိသည်။ နေအိမ်အကျယ်ချုပ်ဖြင့် ချုပ်နှောင်ခံ နေရသော နိုဗယ်ငြိမ်းချမ်းရေးဆုရှင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ၎င်းအား ဖမ်းဆီးထိမ်းသိမ်းထားခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း အထောက်အထားများဖြင့် တင်သွင်းခဲ့သည့် အယူခံလွှာကို ဗဟိုတရားရုံးမှ ယခင်အပတ်က ပယ်ချခဲ့သည်။ အလားတူပင် ဒေါ်အောင်ဆန်းစု ကြည်လွတ်မြောက်ရေး "အင်္ဂါနေ့" ဆုတောင်းပွဲ အဖွဲ့ခေါင်းဆောင် နော်အုန်းလှ အပါအဝင် တက်ကြွ လှုပ်ရှားသူ အမျိုးသမီးများအား မတရားထောင်ဒဏ်ချမှတ်ခြင်း၊ အကျဉ်းထောင်ထဲတွင် ဖမ်းဆီးထိမ်းသိမ်းခံနေရသော ဒေါ်ဝင်းဝင်းမြ၏ ၎င်းပိုင်မန္တလေးဈေးချိုရှိ အထည်ဆိုင်အား လေလံတင်ရောင်းချခဲ့ခြင်းတို့အပြင် အခြားသော အထိမ်းသိမ်းခံနိုင်ငံရေး အကျဉ်းသူများကိုလည်း မိသားစုနှင့်ဝေးလံသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပြစ်ခဲ့သည်။

စစ်အစိုးရ၏ ထိုသို့သော လုပ်ရပ်များကိုကြည့်ခြင်းအားဖြင့် ၎င်းတို့ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံကို အသက်သွင်းမည့် ၂၀၁၀ ရွေးကောက်ပွဲသည် ဟန်ပြသက်သက်သာဖြစ်သည်ကို ပြသည်နေသည့်အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အနာဂါတ် ဒီမိုကရေစီ နိုင်ငံသစ်ကို သွားမည်ဟူသော ယင်းတို့၏ ကြွေးကြော်သံနှင့် လုပ်ရပ်များမှာ ဗီလာဆန့်ကျင်ဖြစ်နေကြောင်းကို မိမိတို့မှ အတိအလင်း ထပ်မံပြောလိုပါသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ဖေဖေါ်ဝါရီလမှ လတ်တလောအချိန်ထိ ဖြစ်ပွားလျက်ရှိသော ရန်ကုန်တိုင်း အတွင်းရှိ စက်ရုံအလုပ်ရုံများမှ အမျိုးသမီးများဦးဆောင်သည့် အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်များ တောင်းဆိုသည့် ဆန္ဒပြပွဲများတွင် စစ်အစိုးရမှ လုံထိန်းရဲများအား သွားရောက်စောင့်ဆိုင်းခိုင်းခြင်းမှာ အလုပ်ရှင်များ၏ မတရားသဖြင့် ဂုတ်သွေးစုပ်၊ အမြတ်ထုတ်မှုများကို ပိုမို ဖြစ်ပေါ်အောင် အားပေးအားမြောက်လုပ်နေခြင်းဖြစ်သည်ဟု မိမိတို့မှသုံးသပ်သည်။

လက်ရှိမြန်မာနိုင်ငံအတွင်းရှိ အမျိုးသမီးများ တွေ့ကြုံခံစားနေရသည့် မတရားမှုများနှင့် အကြမ်းဖက်မှု မှန်သမျှသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေသ၍ ဆက်လက်ရင်ဆိုင်ကြုံတွေ့နေရအုံးမည်သာဖြစ်သည်။ သို့ပါ၍ မြန်မာနိုင်ငံရှိ အမျိုးသမီးအား လုံးအား စစ်အာဏာရှင်စနစ် ပြုတ်ကျရေးအတွက် နည်းမျိုးစုံဖြင့် ပူးပေါင်းပါဝင်ဆန့်ကျင်ကြရန် မိမိတို့မှ အလေးအနက် တိုက်တွန်းအပ်ပါသည်။

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စစ်အစိုးရကျူးလွန်နေသော ရာဇဝတ်မှုများအား စုံးစမ်းစစ်ဆေးပြီး ၎င်းပြစ်မှုများအား ကျူးလွန်သည့် တာဝန်ရှိသူများအား နိုင်ငံတကာရာဇဝတ်မှု ခုံရုံးတင်ရေးအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ်အမြန်ဆုံး ဖြစ်ပေါ်လာရေးကို ဝိုင်းဝန်းပံ့ပိုးပေးရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအား မိမိတို့မှ အလေးအနက် တိုက်တွန်းလိုက်ပါသည်။

တချိန်တည်းမှာပင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ ဘဝမြင့်မားတိုးတက်ရေးနှင့် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေး လှုပ်ရှားမှုကြီးကို ဆထက်တပိုးတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းလည်း ဤနေ့တွင် အတိအလင်း ထပ်မံထုတ်ဖော် ပြောကြားလိုက်ပါသည်။


**ဆက်သွယ်ရန်**

တင်တင်ညွှန့် – +၆၆ ၈၇၈၄၉၉၃၃၂

စောစံငြိမ်းသူ – +၆၆ ၈၀၇၉၂၀၄၄၅

နန်းဒါးအဲ့ကလယ် – +၆၆ ၈၅၇၂၆၉၂၉၁